မိတ်ဆက်
အဘယ့်ကြောင့် လက်ကိုင်ဖုန်းကို သုံးရသနည်း
ရိုက်ကူးဖြင်းနှင့် ဖြစ်စဉ်တင်ဆက်ခြင်းများအတွက် အကြံပြုချက်များနှင့် နည်းပညာများ
ဖြစ်စဉ်များကို စတင်ရိုက်ကူးခြင်း
ဗီဒီယိုအရည်အသွေးနှင့် ပစ္စည်းများ
ဗီဒီယိုရိုက်ကူးရန်အတွက် ကောင်းမွန်သော လက်ကိုင်ဖုန်းတစ်ခုကို ရွေးချယ်ခြင်း
ဗီဒီယိုအရည်အသွေးနှင့်ပတ်သတ်သော အခြေခံအချက်များ
အသံနှင့် အလင်းအမှောင်
ဘတ္တရီသက်တမ်း ကြာချိန်
အခြားသုံးနိုင်သော အပိုပစ္စည်းများ
ရိုက်ကူးရေးအတွက် အပိုပစ္စည်းများ
လက်ကိုင်ဖုန်းပေါ်တွင် ဗီဒီယိုတည်းဖြတ်ခြင်း
သင့်လက်ကိုင်ဖုန်းမှ ဗီဒီယိုတစ်ခု ပြောင်းရွှေ့ခြင်း
လွတ်လပ်သော ဗီဒီယို site တစ်ခု ထူထောင်ခြင်း
သင့်လက်ကိုင်ဖုန်းဖြင့် ရိုက်ကူးထားသော ဗီဒီယိုကို သတင်းဌာနများသို့ တိုက်ရိုက်လွှင့်တင်ခြင်း
လက်ရှိဖြစ်နေသောဖြစ်စဉ်ကို ချက်ချင်းရိုက်ကူးတင်ဆက်ထုတ်လွှင့်ရန် နောက်ထပ်နည်းလမ်း :
အချိန်နှင့်တပြေးညီ ထုတ်လွှင့်တင်ဆက်ခြင်း
ပြည်သူ့သတင်းသမားများအတွက် လက်ကိုင်ဖုန်းလုံခြုံရေး
မိမိ (သို့မဟုတ်) မိမိသတင်းရနေသော နေရာ အန္တရာယ်ရှိမရှိ မည်သို့သိနိုင်မည်နည်း။
သင့်ရဲ့လက်ကိုင်ဖုန်းကြောင့် သင်မည်သို့ အန္တရာယ်ရှိနိုင်သနည်း။
လက်တွေ့လေ့ကျင့်ခန်းများ
StoryMaker Application အသုံးပြုခြင်း လမ်းညွှန်
DropBox သို့ ဗီဒီယိုတစ်ခု လွှတ်တင်ခြင်း
YouTube သို့ ဗီဒီယိုတစ်ခု လွှတ်တင်ခြင်း
Vimeo သို့ videoတစ်ခု လွှင့်တင်ခြင်း
ObscuraCam အသုံးပြုနည်း

ဤလမ်းညွှန်ချက်များထဲတွင် ပြည်သူ့သတင်းသမားများအတွက် လက်ကိုင်ဖုန်းအသုံးပြုနည်းများမှအစပြုကာ ဖုန်းမှတဆင့် ဗီဒီယိုဖိုင်များ ဖြန့်ဝေပေးနိုင်သော application များကိုအထိပါ ဖော်ပြပေးထားပါသည်။

# ပြည်သူ့သတင်းသမားအတွက် လက်ကိုင်ဖုန်းဗီဒီယို ရိုက်နည်းလမ်းညွှန်

## မိတ်ဆက်

လက်ကိုင်ဖုန်းတစ်ခုနှင့် အခြားအခြေခံ ဆော့ဝဲလ်များ၊ လမ်းညွှန်ချက်များ ရှိပြီဆိုပါက မည်သူမဆို ပြည်သူ့သတင်းသမားတစ်ယောက်ဖြစ်နိုင်ပြီး ကမ္ဘာအဝန်းသို့ ထိရောက်ပြီးအရည်အသွေးကောင်းမွန်သော ဗီဒီယို ဇာတ်လမ်းများဖြင့် ဖြစ်စဉ်များကိုတင်ဆက်ပေးနိုင်မည်ဖြစ်သည်။ ပြည်သူ့သတင်းသမားဆိုသည်မှာ ပြည်သူလူထုအတွင်းရှိ တစ်ဦးတစ်ယောက်ချင်းဆီမှ သတင်း နှင့်အချက်အလက်များကို စုဆောင်းပြီး ခွဲခြမ်းစိတ်ဖြာကာ ပြန်လည်တင်ပြဖြန့်ဝေခြင်းမျိုးဖြစ်သည်။ များသောအားဖြင့် ပြည်သူ့သတင်းသမားများသည် မီဒီယာမရောက်ရှိသောနေရာများ သို့မဟုတ် ပုံမှန်မီဒီယာများမှ မှတ်တမ်းတင်လေ့မရှိသော အဖြစ်အပျက်များကို မီးမောင်းထိုးပြနိုင်သူများဖြစ်ကြသည်။
ယခုမှ စတင်သူများနှင့် သက်တမ်းရင့် ပြည်သူသတင်းသမားများအတွက် အကောင်းဆုံးနှင့် သင်လွယ်တတ်လွယ်နိုင်သော ကိရိယာမှာ လက်ကိုင်ဖုန်းဖြစ်သည်။ မကြာသေးမီက ချီလီနိုင်ငံ Santiago မြို့တွင် ကျင်းပခဲ့သောညီလာခံရှိ သင်တန်းတွင် ပြသခဲ့သည့်အတိုင်း ကမ္ဘာတွင် လက်ရှိနာမည်ကြီးဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များကို တိုက်ရိုက်ထုတ်လွှင့်ပေးရာ၌ လက်ကိုင်ဖုန်းများကို အသုံးပြုခဲ့ကြကြောင်း သိရှိခဲ့ရပြီဖြစ်သလို Syria နိုင်ငံရှိ အဖြစ်အပျက်များအတွက်လည်း သက်သေခံများ ချန်ခဲ့ပေးနိုင်ခြင်းနှင့် လူထုဆက်သွယ်ရေးကဏ္ဍ၏ ဟာကွက်ကို ကူညီဖြည့်ပေးနိုင်ခြင်းများကလည်း

လက်ကိုင်ဖုန်းအသုံးပြုခဲ့သည့် ဥပမာများဖြစ်သည်။ များသောအားဖြင့် ပြည်သူ့သတင်းသမားများတင်ပြသော ဗီဒီယိုပါအကြောင်းအရာများသည် အရည်အသွေးမြင့်မား ထိရောက်မှုရှိပြီး အသုံးဝင်လှသည်။ ထို့အပြင် ဗီဒီယိုအများစုမှာ လက်ကိုင်ဖုန်းများဖြင့်ပင် ရိုက်ကူး၊တည်းဖြတ်၊ ဖြန့်ဖြူးခဲ့ကြသည်သာဖြစ်သည်။
သင်သည် ဗီဒီယိုဖြင့် ဖြစ်စဉ်များတင်ဆက်မှုကို စိတ်ဝင်စားသော ပြည်သူ့သတင်းသမားတယောက်ဖြစ်ပါက သင်အသုံးချနေသည့်စွမ်းရည်ကို နားလည်သဘောပေါက်ပြီးသားဖြစ်မည်ဟု ယူဆပါသည်။။ ဤလမ်းညွှန်တွင် လက်ကိုင်ဖုန်းဖြင့် မည်သို့ လုံခြုံမှုရှိရှိ ထိထိရောက်ရောက် ပြုလုပ်နိုင်မည်ကို သိရှိစေရန် အကောင်းဆုံးနည်းများကို ဖော်ပြထားပါသည်။

## အဘယ်ကြောင့် လက်ကိုင်ဖုန်းကို သုံးရသနည်း။

ဗီဒီယိုသည် ဖြစ်စဉ်များတင်ဆက်ခြင်းအတွက် အလွန်အားကောင်းသော ကြားခံတစ်ခုဖြစ်ပြီး ဖြစ်စဉ်တွင် လူအများပိုမိုပါဝင်လာအောင်လည်း ပြုလုပ်ပေးနိုင်သည်။

လက်ကိုင်ဖုန်းအသုံးပြုကာ သတင်းအချက်အလက်များ၊ ဖြစ်စဉ်များတင်ဆက်ခြင်း၏ ကောင်းကျိုးများမှာ များပြားလှသည်။ လက်ကိုင်ဖုန်းများသည် သင်နှင့် အမြဲအတူရှိနေသောအရာဖြစ်သည်။ သင်၏လက်ကိုင်ဖုန်းဖြင့် အဖြစ်အပျက်များဖြစ်ပျက်နေချိန်တွင်ပင် မြန်မြန်ဆန်ဆန်ဖြင့် ဗီဒီယို ရိုက်ကူးခြင်းနှင့် ဖြန့်ချိခြင်းများပြုလုပ်နိုင်သည်။ လက်ကိုင်ဖုန်းများမှာ နေရာတိုင်းတွင်ရှိနေပြီဖြစ်သည်။ ခန့်မှန်းချက်များအရ ၂၀၁၄ တွင် လက်ကိုင်ဖုန်း အသုံးပြုမှုများမှာ လူဦးရေထက်ပင် များပြားလာနိုင်သည်။

လက်ကိုင်ဖုန်းများမှာ ပေါ့ပါးကာ သယ်ဆောင်ရလွယ်ပြီး ကိုယ်နှင့်မကွာ အမြဲရှိနေသော မှတ်တမ်းတင်နိုင်သည့် ကိရိယာများ ဖြစ်သည်။ လက်ကိုင်ဖုန်းများတွင် တွေ့ဆုံမေးမြန်းခန်းများကို မှတ်တမ်းတင်ခြင်းသည် အခြားထုထည်ကြီးသော မှတ်တမ်းတင်ကိရိယာများနှင့် မျက်နှာချင်းဆိုင်ပြီး မေးမြန်းခံနေရခြင်းထက် မေးမြန်းသူကိုရော အမေးမြန်းခံရသူကိုပါ သက်သောင့်သက်သာ စိတ်လက်ပေါ့ပါးစေပါသည်။

အခြားမှတ်တမ်းတင်နိုင်သည့် ပစ္စည်းကိရိယာများ နှိုင်းယှဉ်လျှင်လည်း လက်ကိုင်ဖုန်းများ၏ဈေးမှာ အလွန်ပင်သက်သာလှပေသည်။ လက်ကိုင်ဖုန်းအတွင်းပါဝင်သော အင်တာနက် ဖြင့် တိုက်ရိုက်ထုတ်လွှင့်မှုများ အင်တာနက်ပေါ်သို့ တင်လွှင့်ခြင်းများပါ ပြုလုပ်နိုင်သည်။ ထို့ပြင် သင်၏လက်ကိုင်ဖုန်းကိုအသုံးပြုပြီး ဖြစ်စဉ်တင်ဆက်မှုများပြုလုပ်ရာတွင် အရေးကြီးသော သင်၏လုံခြုံရေးကိစ္စများကို ထည့်သွင်းစဉ်းစားရန်လည်း လိုအပ်လှပေသည်။ လက်ကိုင်ဖုန်းသတင်းပညာ၏ ကောင်းကျိုးများ အများအပြားရှိနေသည်ဆိုသော်လည်း သင့်အနေဖြင့် လက်ကိုင်ဖုန်းအသုံးပြုကာ ဖြစ်စဉ်တင်ဆက်မှုများပြုလုပ်လိုပါက ဤလမ်းညွှန်ချက်တွင်ပါသော လက်ကိုင်ဖုန်း လုံခြုံရေး အခန်းကို အလျင်သေချာစွာဖတ်ရှုလေ့လာစေလိုပါသည်။

## ရိုက်ကူးခြင်းနှင့် ဖြစ်စဉ်တင်ဆက်ခြင်းများအတွက် အကြံပြုချက်များနှင့် နည်းပညာများ

ရိုက်ကူးရေးနှင့် ဖြစ်စဉ်တင်ဆက်မှုအတွက် ကျယ်ပြန့်နက်နဲလှသော နည်းပညာ နှင့် အနုပညာဆိုင်ရာ အကြံပြုချက်များကို အောက်ပါ လမ်းညွှန်ချက်များတွင် ဖတ်နိုင်ပါသည်။

- ဈေးနှုန်းသက်သာသော ဖုန်းများဖြင့် ထိရောက်သောဗီဒီယိုရိုက်ကူးခြင်း (Link)
- Android ဖုန်းများပေါ်တွင် လက်ကိုင်ဖုန်း ဗီဒီယိုများနှင့် အသံဆိုင်ရာ နည်းပညာများဖြင့် ဗီဒီယိုပြုလုပ်နည်း လမ်းညွှန်